# Message Three

## ဘုရားသခင်၏နိုင်ငံတော်ကို ယူဆောင်လာရန် ဝိညာဉ်ရေးရာစစ်ပွဲ

ဖတ်ရန်ကျမ်း။   ။ ဗျာ၊၁၁း၁၅။ ၁၂း၁၀။ ၄း၁၁။ မ၊၆း၁၀။ ၇း၂၁။ ၁၂း၂၆၊ ၂၈

**I. ဝိညာဉ်ရေးရာစစ်ပွဲ၏ ရည်ရွယ်ချက်မှာ ဘုရားသခင်၏နိုင်ငံတော်ကို ယူဆောင်လာရန် ဖြစ်သည် - မ၊၆း၁၀။**

A. ဝိညာဉ်ရေးရာစစ်ပွဲကို လိုအပ်ရခြင်းမှာ စာတန်၏အလိုဆန္ဒသည် ဘုရားသခင်၏အလိုတော်ကို ဆန့်ကျင်နေသောကြောင့် ဖြစ်သည် - ဧ၊၅း၁၇။

B. ဝိညာဉ်ရေးရာစစ်ပွဲသည် ဘုရားဆိုင်ရာအလိုတော်နှင့် စာတန်ဆိုင်ရာအလိုဆန္ဒအကြား ပဋိပက္ခဖြစ်ခြင်း၌အရင်းခံဖြစ်တည်လာခဲ့ခြင်းဖြစ်သည် - မ၊၆း၁၀။ ၇း၂၁။ ဟေရှာ၊၁၄း၁၂-၁၄။

1. မြင့်မားသည့်အဆင့်အတန်းနှင့် လုပမှု၌ လူစီဖာ၏မာန်မာနသည် မကောင်းသော ရည်ရွယ်ချက်ကို ထွက်ပေါ်လာစေပြီး ယင်းသည် စာတန်ဆိုင်ရာ အလိုဆန္ဒဖြစ်လာခဲ့သည် - ယေဇ၊၂၈း၁၂-၁၉။ ဟေရှာ၊၁၄း၁၂-၁၅။

2. ဘုရားသခင်၏ကောင်းကင်တမန်မင်းသည် ဘုရားဆိုင်ရာအလိုတော်ကို ဆန့်ကျင်ပြောဆိုရန် ထကြွလာခြင်းမရှိမီက စကြဝဠာ၌ မည်သည့်စစ်ပွဲမျှ မရှိခဲ့ပါ။ လူစီဖာ၏ ပုန်ကန်မှုသည် ယခု တိုင်းနိုင်ငံများအကြား၊ လူမှုအဖွဲ့အစည်း၌၊ မိသားစု၌၊ တစ်ဦးချင်းစီအတွင်း၌ ဖြစ်ပေါ်လျက်ရှိသည့် တိုက်ခိုက်မှုအားလုံး၏ အစအဦးပင် ဖြစ်သည် - ညွှန်း၊ ဗျာ၊ ၁၂း၃-၁၁။ ဂလ၊၅း၁၇။

C. ဘုရားသခင်က ကိုယ်တော်၏ဖန်ဆင်းခံ *လူ* သည် ကိုယ်တော်၏ကျဆင်းသွားသော ဖန်ဆင်းခြင်း *စာတန်* အား ဆက်ဆံဖြေရှင်းစေဖို့ အလိုရှိသည်။ ဤအတွက်ကြောင့် လူသားအလိုဆန္ဒသည် ဘုရားဆိုင်ရာအလိုဆန္ဒနှင့်အတူ ရပ်တည်ရမည်ဖြစ်သည် - က၊၁း၂၆။ မ၊၂၆း၃၉။ ၁၂း၃၀။ ၇း၂၁။

D. အသင်းတော်အဖြစ် ကျွန်ုပ်တို့၏တိုက်ခိုက်ခြင်းသည် စာတန်ဆိုင်ရာအလိုဆန္ဒကို နှိမ်နင်း၍၊ ဘုရားသခင်၏ရန်သူကို အနိုင်ယူရန် ဖြစ်သည် - ဧ၊၆း၁၁-၁၃။

**II. ဝိညာဉ်ရေးရာစစ်ပွဲသည် ဘုရားသခင်၏နိုင်ငံတော်နှင့် စာတန်၏နိုင်ငံအကြား စစ်ပွဲဖြစ်သည် - မ၊၁၂း၂၆၊ ၂၈။**

A. ဘုရားသခင်၏နိုင်ငံတော်သည် စာတန်၏နိုင်ငံနှင့် ဆန့်ကျင်ဘက်ဖြစ်သည် - အငယ်၊၂၆၊ ၂၈။

1. ဘုရားသခင်၏နိုင်ငံတော်သည် အချိန်၌၊ နေရာ၌ ထာဝရဖြစ်သည်။ စာတန်၏နိုင်ငံသည် ထာဝရမဟုတ်ပါ။

2. ဘုရားသခင်၏နိုင်ငံတော်သည် တရားဝင်ဖြစ်ပြီး၊ စာတန်၏ နိုင်ငံမှာမူ တရားမဝင်ပါ၊ အကြောင်းမှာ ၎င်းသည် ဘုရားသခင်ကို ဆန့်ကျင်ကာ ပုန်ကန်ခြင်းအားဖြင့် တည်ထောင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

B. ဘုရားသခင်၏နိုင်ငံတော်သည် အလိုအလျောက် ရောက်ရှိလာမည်မဟုတ်ပါ။ ဘုရားသခင်၏နိုင်ငံတော် ရောက်ရှိလာရန် အလို့ငှာ ဝိညာဉ်ရေးရာ တိုက်ခိုက်ခြင်း လိုအပ်လျက်ရှိသည် - အငယ်၊၂၂-၂၉။

C. အသင်းတော်၏တာဝန်ဝတ္တရားမှာ ခရစ်တော်က စာတန်ကို ဆန့်ကျင်လျက် သယ်ဆောင်ခဲ့ပြီးသော အောင်နိုင်ခဲ့သည့် အလုပ်ကို ဆက်လက်သယ်ဆောင်ရန် ဖြစ်သည် - ဟေဗြဲ၊၂း၁၄။ ၁ယော၊၁း၃း၈ခ။ ကော၊၂း၁၅။ ဆာ၊၁၄၉း၅-၉။

D. ဘုရားသခင်၏နိုင်ငံတော်သည် ဘုရားဆိုင်ရာအလိုတော်ကို လေ့ကျင့်ခြင်းနှင့် ဘုရားသခင်၏တန်ခိုးတော်အားဖြင့် စာတန်၏တန်ခိုးကို ဖြိုချပစ်ခြင်း ဖြစ်သည် - မ၊၆း၁၀။

E. မာရ်နတ်သည် နှင်ထုတ်ခံရခြင်းရှိ၍၊ ရန်သူ၏အလုပ်သည် ဘုရားသခင်၏တန်ခိုးတော်အားဖြင့် အစားထိုးလိုက်ခြင်းရှိသည့် နေရာတိုင်းမှာ ဘုရားသခင်၏နိုင်ငံတော်သည် တည်ရှိခြင်း ရှိလေသည် - ၁၂း၂၈။

**III. "ကိုယ်တော်၏လူတို့သည် / စစ်ပွဲတော်နေ့ရက်ကာလ၌၊ / ဘုန်းထည်ဝါသော ဆက်ကပ်အပ်နှံခြင်း၌ မိမိတို့ကိုယ်ကို အလိုဆန္ဒရှိစွာ ပေးအပ်ကြလိမ့်မည်" - ဆာ၊၁၁၀း၃က။**

A. ဝိညာဉ်ရေးရာအာရုံခံစားမှု၌ ကျွန်ုပ်တို့သည် ယခု ခရစ်တော်၏ စစ်ပွဲတော်နေ့ရက်၌ ရှိနေကြပြီး၊ ကိုယ်တော်အတွက် ကျွန်ုပ်တို့သည် မိမိဆန္ဒအလျောက် ပူဇော်ခြင်း၊ အလိုလိုပြုသော ပူဇော်သက္ကာ ဖြစ်ရန် လိုအပ်သည် - ဝတ်၂၂း၁၈။ တရား၁၂း၆။

B. ဘုရားသခင်၏ရန်သူကို နှိမ်နင်းရန်နှင့် ဘုရားသခင်၏နိုင်ငံတော်ကို ယူဆောင်လာရန် ဝိညာဉ်ရေးရာစစ်ပွဲတွင် ပါဝင်ဆင်နွှဲခြင်းအလို့ငှာ ကျွန်ုပ်တို့သည် သခင်ဘုရား၌အကြွင်းမဲ့ဖြစ်သော၊ အကုန်အစင်ဖြစ်သော ဆက်ကပ်အပ်နှံခြင်း ရှိရန် လိုအပ်သည်။ ဘုရားသခင်၏အမြင်၌ ထိုသို့သော ဆက်ကပ်အပ်နှံခြင်းသည် ဘုန်းထည်ဝါသော အကြောင်းအရာဖြစ်သည် - ဆာ၊ ၁၁၀း၃က။

© 2024 Living Stream Ministry